
၇၀ခုနှစ်က
မုဆိုးမလေး
စာစဉ် - ၁၈
Translator - Khat Team
小红书号: 8078008770

## အပိုင်း ၁၇၁

*

နောက်ဆုံးတွင် သူတို့ လေးယောက်လုံး ငါးအနည်းငယ်စီ ရရှိခဲ့ကြသည်။ သူတို့သည် ကျေးရွာအဖွဲ့တွင် တန်းစီ၍ ငါးများကို ချိန်တွယ်ကာ ပိုက်ဆံပေးပြီးနောက် ခြင်းတောင်းများကိုယ်စီဖြင့် ပြန်လာခဲ့ကြသည်။ ငါးဖမ်းထွက်ပြီးသည့်နောက်တွင် ကွမ်လုသည် အပြန်လမ်း၌ သိသိသာသာ စကားပိုပြောလာပြီး ကျန်းချန်ကိုပင် အစပြု၍ နှုတ်ဆက်စကား ဆိုလာခဲ့သည်။

သူတို့သည် နေ့လယ်စာ စားချိန် လွတ်သွားခဲ့ပြီး စခန်းသို့ ပြန်ရောက်သည့်အချိန်တွင်မူ ညနေစောင်းလုနီးပါး ဖြစ်နေပြီဖြစ်သည်။

လူတိုင်းတွင် ရွှံ့များ ပေကျံနေသဖြင့် မိသားစုတိုက်တန်းဆီသို့ ခပ်သုတ်သုတ် ပြေးလာကြသည်။ လမ်းတွင် ချန်ယောင်၊ ကျန်းကျိုးတို့နှင့် တိုးကြသည်။ ချန်ယောင်က ကျန်းချန်ကို ခဏ စိုက်ကြည့်ပြီးမှ မှတ်မိသွားကာ အံ့သြတကြီး ခေါ်လိုက်သည်။ "မရီးလား။"

သူသည် ကျန်းချန်၏ ပုံစံကို ကြည့်ပြီး ရယ်ချင်စိတ်ကို အတင်းအောင့်ထားရသည်။

သူ့ဘဝတစ်လျှောက်တွင် ကျန်းချန်တစ်ကိုယ်လုံး ရွှံ့များပေပြီး နွံထဲက တက်လာသည့်ပုံစံမျိုး ဖြစ်နေသည်ကို ပထမဆုံး မြင်ဖူးခြင်းပင် ဖြစ်သည်။ ကျန်သည့် အမျိုးသမီး သုံးယောက်မှာလည်း အခြေအနေ သိပ်မကောင်းသဖြင့် ကျန်းကျိုးပင်လျှင် မအောင့်နိုင်ဘဲ ရယ်မောမိသည်။

ကျန်းချန် - ....

ကျန်းချန်သည် ခပ်တိုးတိုး ရယ်ပြီး လက်ပေါ်တွင် ခြောက်နေသည့် ရွှံ့များကို ငုံ့ကြည့်ကာ ပြောလိုက်သည်။ "ကျွန်မတို့တွေ ငါးသွားဖမ်းကြတာ။"

ဟဲယွဲ့လည်း ပြောလိုက်သည်။ "ဟုတ်တယ်၊ တော်တော်များများ ရခဲ့တယ်။"

ထို့နောက် သူမက ချန်ယောင်တို့ဘက်သို့ လှည့်ကြည့်သည်။ ချန်ယောင်က ကျန်းချန်ကို ကြည့်ကာ နောက်ပြောင်လိုက်သည်။ "မရီး၊ မနက်ဖြန်ကြရင် ငါးချက်ကျွေးမှာလား။"

ကျန်းချန် ပြန်ဖြေလိုက်သည်။ "ဟုတ်တယ်၊ အများကြီး ရထားတယ်။"

ကျန်းချန်သည် အိမ်ပြန်ရောက်ပြီးနောက် ခြင်းတောင်းကို ချပြီး အဝတ်အစားလဲရန် ရေချိုးခန်းထဲ ဝင်သွားလိုက်သည်။ ရွှံ့များ စင်အောင်ဆေးရန် ရေ သုံးပုံးတောင် ကုန်သွားခဲ့သည်။ ရေချိုးခန်းထဲမှ ထွက်လာချိန်မှာပင် တံခါးဖွင့်သံ ကြားလိုက်ရသည်။ ကျန်းချန်သည် အတွင်းခံအင်္ကျီနှင့် ဘောင်းဘီတိုသာ ဝတ်ထားချိန်ဖြစ်သည်။ လုယွီ ဝင်လာသည်ကို မြင်တော့ သူမ မျက်တောင်ခတ်ကာ မေးလိုက်သည်။ "ဒီနေ့ ဘာလို့ စောစော ပြန်လာတာလဲ။"

လုယွီ တံခါးကို ပြန်ပိတ်လိုက်သည်။ "ဒီနေ့ တပ်ရင်းမှာ ဘာမှ ထွေထွေထူးထူး မရှိလို့ပါ။"

သူ ထပ်မံ၍ မေးလိုက်သည်။ "ဒီနေ့ ငါး ဘယ်နှစ်ကောင် ရခဲ့လဲ။"

ကျန်းချန် ပြုံးလျက် ပြောလိုက်သည်။ "သုံးကောင်။"

လုယွီ ရယ်မောကာ ပြောလိုက်သည်။ "ကိုယ် သွားကိုင်လိုက်ပါ့မယ်။"

ကျန်းချန်သည် မီးဖိုချောင်ထဲတွင် တစ်ခုခု စားပြီးနောက် အိပ်ခန်းထဲပြန်

ဝင်ကာ ပန်းထိုးနေသည်။ ပန်းထိုးခြင်းမှာ နောက် ဆယ်ရက်ခန့်ဆိုလျှင် ပြီးဆုံးတော့မည် ဖြစ်သည်။ ညနေစောင်းတော့ ယွဲ့ချောင် ရောက်လာပြီး ကျန်းချန်အတွက် သူမအမေ ကိုယ်တိုင်လုပ်ထားသည့် ငရုတ်သီးဆော့စ် အချို့လာပေးခဲ့သည်။

ယွဲ့ချောင်၏ စိတ်အားထက်သန်မှုနှင့် ယှဉ်လျှင် ကျန်းချန်သည် ပထမ တော့ ဘယ်လိုတုံ့ပြန်ရမည်ကို မသိဖြစ်နေသည်။

သူမသည် မနက်ဖြန်ကြလျှင် မုန့်အချို့လုပ်ပြီး ယွဲ့ချောင်ကို လက်ဆောင်ပြန်ပေးရန် ဆုံးဖြတ်လိုက်သည်။

လုယွီသည် ငါးများကို ကိုင်ကာ၊ အခန်းကို သန့်ရှင်းရေးလုပ်ပြီးနောက် ညစာပြင်ဆင်သည်။ အပြင်ဘက် စကြံမှာမူ ဆူညံသံများ ကြားနေရသည်။ ဖန်ရှ၊ ဖန်ကောနှင့် လော့ရှောင်ယွဲ့တို့ ကျောင်းမှ ပြန်လာကြခြင်း ဖြစ်သည်။ မှောင်စပျိုးလာတော့ ကျန်းချန်သည် မုတ်ဆိတ်ရိတ်ထားသဖြင့် သန့်ရှင်းနေသော အမျိုးသားကို မော့ကြည့်ပြီး ပြောလိုက်သည်။ "နောက်လဆို ကျန်းရှောင် ကလေးမွေးတော့မယ်။"

လုယွီသည် သူမ၏လက်ကို ဆုပ်ကိုင်ထားရင်း ငုံ့ကြည့်လိုက်သည်။ "မင်း သွားမှာလား။"

ကျန်းချန် ခေါင်းညိတ်လိုက်သည်။ "ကျန်းရှောင်ဆီ သွားတွေ့မယ်လို့ ကျွန်မ ကတိပေးထားတယ်လေ။"

လုယွီ၏ မျက်ဝန်းထဲတွင် အပြုံးရိပ်လေးတစ်ခု ဖြတ်ပြေးသွားပြီး ပြော လိုက်သည်။"ကိုယ် ခွင့်ယူပြီး မင်းနဲ့အတူ လိုက်ခဲ့ပါ့မယ်၊ အတူတူ သွားကြ တာပေါ့။"

"ရှင်…"

ကျန်းနျှန်သည် ခေတ္တမျှ ရပ်တန့်သွားပြီးနောက် လုယွီ၏ တည်ကြည်ခံ့ညားသော မျက်နှာကို ကြည့်ကာ မေးလိုက်မိသည်။ "ကျွန်မတို့တွေ ပြန်သွားတဲ့အခါ ကိုယ့်ကိုယ်ကိုယ် ဘယ်လို မိတ်ဆက်ကြမှာလဲ။"

လုယွီ ပြန်ဖြေလိုက်သည်။ "ဗိုလ်ကြီးထန်နဲ့ ကျူးကျွင်းတို့ကို ကိုယ်တို့ရဲ့ မင်္ဂလာပွဲ ဖိတ်ကြွေးဖို့ ကျန်သေးတာပဲ။ အခု ပြန်သွားတဲ့အခါ အဲဒါကို လုပ်လိုက်ရင် ဖြစ်တာပဲ။"

ကျန်းနျှန် ချက်ချင်း နားလည်သွားသည်။ ယခုအခါ လုယွီမှာ ထိုနေရာတွင် တာဝန်မရှိတော့သဖြင့် သူမတို့ ပြန်သွားပြီး မင်္ဂလာပွဲ ဖိတ်ကြွေးရန်အတွက် အရင်ကကဲ့သို့ သတိထားစရာ မလိုတော့ပေ။ အကယ်၍ သူတို့အတင်းအဖျင်း ပြောကြလျှင်ပင် သူမတို့ ကြားရတော့မည် မဟုတ်။ အနည်းဆုံးတော့ သူမနှင့် လုယွီ လက်ထပ်လိုက်ပြီဆိုသည်ကို သူတို့ သိသွားကြလိမ့်မည်။

သူတို့နှစ်ဦးမှာ မတ်နှင့် မရီး မဟုတ်တော့ဘဲ ဇနီးမောင်နှံ ဖြစ်နေကြပြီဖြစ်သည်။

လုယွီက သူမကို ထိုနေရာသို့ ပြန်ခေါ်သွားမည်ဟု အရင်က ပြောခဲ့ဖူးသည်ကို သူမ သတိရသွားသည်။ ယခုမှာ အခွင့်ကောင်းပင် ဖြစ်သည်။

ထိုညတွင် ကျန်းနျှန်သည် ၂၁ ရာစုမှ အိမ်အကြောင်းကို ထပ်၍ အိပ်မက်မက်သည်။ သူမသည် ထုံးစံအတိုင်း တံခါးကို ဖွင့်လိုက်သော်လည်း ယခုတစ်ကြိမ် မြင်ကွင်းတွင် 'ကျန်းနျှန်' မရှိတော့ပေ။ သူမသည် မိဘများနှင့် အဘိုးအဘွားများကို ခေါ်သော်လည်း သူတို့က သူမကို သတိမပြုမိကြချေ။ သူမ၏ အခန်းသို့ ပြန်လာသောအခါ အိပ်ရာခင်းများမှာ သပ်ရပ်နေပြီး ကုတင်ဘေးရှိ စားပွဲပေါ်တွင် ဒိုင်ယာရီစာအုပ်တစ်အုပ် ရှိနေသည်။

ယင်းမှာ အရင်တစ်ခေါက် အိပ်မက်ထဲတွင် မြင်ခဲ့ဖူးသည့် စာအုပ်ပင်

ဖြစ်သည်။

ကျန်းချန်သည် သိချင်စိတ်ဖြင့် ကုတင်စောင်းတွင် ထိုင်ကာ ဒိုင်ယာရီကို ကောက်ယူလိုက်သည်။ အရင်တစ်ခေါက်က လုယှီ နှိုးလိုက်သဖြင့် သူမ မဖတ်နိုင်ခဲ့ဘဲ 'ကျန်းချန်' ၏ စုတ်ချက်မလှသော လက်ရေးဖြင့် ရေးထားသည့် နာမည်ကိုသာ မြင်ခဲ့ရခြင်း ဖြစ်သည်။

ကျန်းချန်၏လက်မှာ ဒိုင်ယာရီပေါ်တွင် ခေတ္တမျှ ရပ်တန့်နေသည်။ သူမသည် 'ကျန်းချန်' ဘာတွေ ရေးထားသည်ကို သိချင်သလို သူမနှင့် ထို 'ကျန်းချန်' အကြား မည်သို့ ဆက်နွယ်မှု ရှိသည်ကိုလည်း နားလည်ချင်နေမိသည်။ အဘယ်ကြောင့် သူမသည် ၂၁ ရာစုတွင် ပေါ်လာပြီး ထိုမိန်းကလေး ဖြစ်သွားရသနည်း။

ကျန်းချန်သည် ဒိုင်ယာရီ၏ ပထမစာမျက်နှာကို လှန်လိုက်ရာ 'ကျန်းချန်' ဟုသာ ရေးထားသည်။

ဒုတိယစာမျက်နှာကို လှန်လိုက်သောအခါ စာကြောင်း သုံးကြောင်းသာ ရေးထားသည်ကို တွေ့ရသည်။

"နောက်ဆုံးတော့ ငါ နိုးလာပြီ။"

"ဒါတွေ အကုန်လုံးက အတုတွေပဲ။"

"ငါ ရှူချန်ကို တွေ့ခဲ့တယ်။"

လက်ရေးမှာ စုတ်ချက်မလှသော်လည်း နောက်ဆုံးစာကြောင်းက ကျန်းချန်ကို ထိတ်လန့်သွားစေခဲ့သည်။

'ကျန်းချန်' က ရှူချန်ကို တွေ့ခဲ့တယ် ဟုတ်လား။

အဲ့ဒါက ၂၁ ရာစုမှ ရှူချန်လား။

သူမ တတိယစာမျက်နှာကို လှန်ကြည့်လိုက်ရာ 'ကျန်းချန်' က သူမ၏

မိဘများကို ကူညီရန် စားသောက်ဆိုင်တွင် အလုပ်လုပ်နေကြောင်း၊ ထို နေရာတွင် ရှူ့ချန်နှင့် တူလွန်းသော ဖောက်သည်တစ်ဦး လာစားသည်ကို တွေ့ခဲ့ရကြောင်း ရေးထားသည်။ ကျန်းနျန်သည် ဒိုင်ယာရီထဲမှ အချိန်နှင့် နံရံပေါ်ရှိ ပြက္ခဒိန်ကို တိုက်ဆိုင်ကြည့်လိုက်ရာ လွန်ခဲ့သော သုံးရက်က ဖြစ် ပျက်ခဲ့ခြင်း ဖြစ်သည်။

ကျန်းနျန်သည် ဒိုင်ယာရီကို တင်းတင်းဆုပ်ကိုင်ထားရင်း ထူးဆန်းသော အတွေးတစ်ခု ဝင်လာခဲ့သည်။

စာအုပ်ထဲက ဇာတ်ကောင်တွေက တကယ့် လက်တွေ့ဘဝနဲ့ ထပ်တူ ကျနေတာလား။

တံခါးအပြင်ဘက်မှ ခြေသံများ ကြားလိုက်ရသည်။ ကျန်းနျန်သည် တဖြည်းဖြည်း ပွင့်လာသော တံခါးကို လှည့်ကြည့်လိုက်ရာ ရင်းနှီးသော ပုံ ရိပ်တစ်ခု ပေါ်လာခဲ့သည်။ ကျန်းနျန်သည် သူမ၏ လက်မောင်းများ လေးလံ လာသလို ခံစားရပြီးနောက် ဝေဝေဝါးဝါးဖြင့် မျက်လုံးပွင့်လာသည်။ လုယွီ သည် သူမအနားတွင် ရှိနေပြီး သူ၏ မျက်မှောင်များမှာ အနည်းငယ် ကြုတ် နေကာ မျက်ဝန်းများမှာ နက်မှောင်တည်ငြိမ်နေသည်။

ကျန်းနျန် အေးခဲသွားသည်။ သူမ၏ အသံမှာ နိုးကာစဖြစ်၍ နူးညံ့ နေသည်။ "ဘာဖြစ်လို့လဲ။"

လုယွီ မေးလိုက်သည်။ "ခုနက မင်း ဘယ်သူ့ကို ခေါ်နေတာလဲ။"

ကျန်းနျန် - ???

သူမ အိပ်မက်ထဲတွင် စကားပြောနေခြင်းလား။

သူမ၏ ဇဝေဇဝါ ဖြစ်နေသော ပုံစံကို မြင်သောအခါ လုယွီက သူမ၏ ပါး လေးကို ဆွဲလိုက်ပြီး သူမ၏ မျက်လုံးများကို စိုက်ကြည့်သည်။ သူ၏ အသံ

မှာ ဆွဲဆောင်မှုရှိသလို အနည်းငယ် အေးစက်စွာဖြင့် မေးလိုက်သည်။ "မင်း ရှုချန်ကို အိပ်မက်မက်နေတာလား။"

ကျန်းချန်သည် နှုတ်ခမ်းကို စေ့ထားပြီး မျက်တောင်လေး ခတ်လျက် ဘာ ပြန်ပြောရမည် မသိဖြစ်နေသည်။

သူမသည် 'ကျန်းချန်' အကြောင်း အိပ်မက်မက်ခဲ့သော်လည်း ဒိုင်ယာရီထဲ တွင် ရှုချန်၏ နာမည်ကိုသာ မြင်ခဲ့ခြင်း ဖြစ်သည်။ သူမသည် အိပ်ပျော်နေ စဉ် ရှုချန်၏ နာမည်ကို မရည်ရွယ်ဘဲ ပြောမိသွားသဖြင့် လုယွီက အထင်လွဲ သွားပုံရသည်။ လုယွီ၏ မျက်ဝန်းထဲမှ စိမ်းကားသော အေးစက်မှုကို မြင် သောအခါ သူမ ခဏမျှ စဉ်းစားပြီးမှ ခပ်တိုးတိုး ပြောလိုက်သည်။ "ဟုတ် တယ်၊ သူ့အကြောင်း အိပ်မက်မက်တာ။"

သူမအနေဖြင့် အိပ်မက်မမက်ပါဘူးဟု ငြင်းဆို၍ မရပေ၊ သို့မဟုတ်ပါက အိပ်မက်ထဲတွင် နာမည်ခေါ်မိသည်ကို ရှင်းပြရန် ခက်ခဲသွားမည်ဖြစ်ပြီး လု ယွီက သူမ တစ်ခုခု ဖုံးကွယ်ထားသည်ဟု ထင်သွားနိုင်သောကြောင့် ဖြစ်သည်။

ထိုစကား သုံးခွန်းကို ပြောလိုက်သည်နှင့် လုယွီ၏ အသက်ရှူသံ တင်းကျပ်သွားသည်ကို ကျန်းချန် သိသိသာသာ ခံစားလိုက်ရသည်။

သူမသည် ထိုအမျိုးသား၏ နက်မှောင်သော မျက်ဝန်းများကို ကြည့်ကာ နှုတ်ခမ်းကို ကိုက်ပြီး အကြည့်ကို လွှဲရင်း ခပ်တိုးတိုး ပြောလိုက်သည်။ "အ ဖေရှုနဲ့ ရှုချန်တို့က ယွမ်မြို့ကို လာပြီး ကျွန်မတို့တွေကို လာတွေ့ကြတယ်လို့ အိပ်မက်မက်တာ။"

သူမ၏ ခါးကို ဖက်ထားသော လက်မောင်းမှာ ပို၍ တင်းကျပ်သွားကာ သူမကို သူ၏ အရိုးထဲအထိ မြှုပ်နှံထားချင်သကဲ့သို့ ရှိပြီး အနည်းငယ်မျှ လွှတ်လိုက်ရုံဖြင့် သူမ ပျောက်ကွယ်သွားမည်ကို စိုးရိမ်နေသည့်အလား

ဖြစ်သည်။

ကျန်းနျန် ဆက်ပြောလိုက်သည်။ "နှစ်ကုန်ရင် အဖေရှုနဲ့ ရှုချန်အတွက် စက္ကူတွေ သွားပြန်မီးရှို့ပေးပြီး သူတို့ကို သွားတွေ့ရအောင်။"

လုယွီ ပြန်ဖြေလိုက်သည်။ "ကောင်းပြီ။"

ကျန်းနျန်က သူ၏ လက်ကို လွှတ်ပေးပြီး သူ၏ ရင်ခွင်ထဲသို့ မှီထားလိုက်သည်။ သူက သူမကို တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားရင်း ပြောလိုက်သည်။ "ကျန်းနျန်။"

"ဟင်။"

ကျန်းနျန်က သူ၏ ရင်ခွင်ထဲမှ ခေါင်းမော့ကြည့်ရာ မှိန်ပျပျ အလင်းရောင်အောက်တွင် လုယွီ၏ ထင်ရှားသော မေးရိုးကို မြင်ရပြီး သူ ဆက်ပြောမည့် စကားကို စောင့်ဆိုင်းနေမိသည်။ သို့သော် သူက "အိပ်တော့" ဟုသာ ပြောခဲ့သည်။

ညဥ့်နက်ပိုင်းတွင် ကျန်းနျန် နှစ်ခြိုက်စွာ အိပ်ပျော်သွားသော်လည်း လုယွီမှာမူ တစ်ညလုံး မျက်စိမပိတ်နိုင်ခဲ့ပေ။

အရုဏ်တက်ချိန်တွင် လုယွီသည် သူ၏ နဖူးကို ဖိထားရင်း သူ၏ ရင်ခွင်ထဲတွင် အေးချမ်းစွာ အိပ်ပျော်နေသော ကျန်းနျန်ကို ကြည့်နေမိသည်။ သူမ အိပ်မက်ထဲတွင် ရှုချန်၏ နာမည်ကို ရေရွတ်လိုက်ခြင်းက ရှုချန်၏ အခန်းထဲတွင် ကျန်းနျန်၏ ထူးဆန်းသော အပြုအမူများကို ပြန်လည် သတိရစေသည်။ ယခုတစ်ကြိမ်တွင် သူမ အိပ်ပျော်နေသော်လည်း သူမ၏ အမူအရာမှာ သူ့ကို လိမ်ညာ၍ မရပေ။

သူ့ရှေ့က လူသားလေး ပျောက်ကွယ်သွားမည်ကို သူ ကြောက်ရွံ့နေမိသည်။

သူမသည် အရင်ကကဲ့သို့ ပြန်ဖြစ်သွားပြီး သူ့ကို တောက်ပသော မျက်ဝန်းများဖြင့် ပြုံးမပြတော့မည်ကို သူ အလွန် စိုးရိမ်နေမိသည်။

ကျန်းချန် သဘာဝအတိုင်း နိုးလာချိန်တွင် လုယွီမှာ ထွက်ခွာသွားပြီဖြစ်သည်။ ယနေ့တွင် ကုရှစ်ကျိုးနှင့် အခြားသူများက သူမတို့အိမ်သို့ နေ့လယ်စာ လာစားကြမည် ဖြစ်သည်။ မနက်စာ စားပြီးနောက် ကျန်းချန်သည် အိမ်တွင် ပြင်ဆင်စရာရှိသည်များကို စတင် လုပ်ဆောင်ခဲ့သည်။

နေ့လယ်စာ စားချိန် နီးကပ်လာသောအခါ ရောက်လာသူများထဲတွင် ကုရှစ်ကျိုး၊ ချန်ယောင်၊ ယွီလျန်နှင့် ကျန်းကျိုးတို့ ပါဝင်သည်။ ဟင်းသီးဟင်းရွက်နှင့် အသား မလုံလောက်သဖြင့် သူမသည် စားသောက်ကုန် အရောင်းဆိုင်သို့ သွားရန် ပြင်ဆင်လိုက်သည်။

သူမ အပြင်သို့ ထွက်လိုက်သည်နှင့် ကွမ်လုနှင့် ဆုံခဲ့သည်။

ကွမ်လုက ခေတ္တမျှ တန့်သွားပြီး ကျန်းချန်ကို ခေါင်းညိတ်ပြရာ ကျန်းချန်လည်း ပြုံး၍ ပြန်နှုတ်ဆက်လိုက်သည်။ သူမတို့ အတူတူ လမ်းလျှောက်လာရင်း လမ်းကြောင်းတူနေသည်ကို တွေ့ရသဖြင့် ကွမ်လုက မေးခဲ့သည်။ "ဟင်းသီးဟင်းရွက် ဈေးကို သွားမှာလား။"

ကျန်းချန် ပြန်ဖြေလိုက်သည်။ "ဟုတ်တယ်၊ အသားလည်း နည်းနည်း သွားဝယ်မလို့"

ကွမ်လု ပြုံးလိုက်သည်။ "အတူတူ သွားကြတာပေါ့။"

သူတို့နှစ်ဦးသည် တစ်လျှောက်လုံး တိတ်ဆိတ်စွာ လမ်းလျှောက်လာကြသည်။ စခန်းအပြင်ဘက်သို့ ရောက်သောအခါ ကျန်းချန်သည် အမျိုးသမီးတစ်ဦး ရပ်နေသည်ကို တွေ့လိုက်ရသည်။ သူမ၏ အသွင်အပြင်မှာ ကွမ်လုနှင့် ဆင်တူပြီး ပညာတတ်အငွေ့အသက် ရှိကာ ဆံပင်အရှည်ကို ဖဲကြိုးဖြူ

လေးဖြင့် စည်းထားပြီး ရှေးဟောင်းပုံစံ လွယ်အိတ်တစ်လုံးကို လွယ်ထားသည်။ သူမ၏ နူးညံ့သော မျက်ခုံးနှင့် မျက်ဝန်းများမှာ ကျန်းချွန် တစ်နေရာရာတွင် မြင်ဖူးသကဲ့သို့ ရင်းနှီးနေသည်။

ထိုအမျိုးသမီးက ကျန်းချွန်နှင့် ကွမ်လုကို မြင်သောအခါ ကွမ်လုကို အသာအယာ ပြုံးပြပြီးနောက် အကြည့်ကို လွှဲလိုက်သည်။

ခပ်လှမ်းလှမ်းသို့ ရောက်သောအခါ ကျန်းချွန် မနေနိုင်ဘဲ မေးလိုက်သည်။ "သူ့ကို သိလား။"

ကွမ်လုက ပြောလိုက်သည်။ "ကျွန်မတို့ မိဘတွေက အချင်းချင်း သိကြတယ်လေ။ ကျွန်မတို့ သူ့ကို အကြိမ်အနည်းငယ် တွေ့ဖူးတယ်။" ကွမ်လု၏ မျက်နှာပေါ်တွင် ဝမ်းနည်းရိပ်လေး ဖြတ်ပြေးသွားပြီး သက်ပြင်းသဲ့သဲ့ ချရင်း ပြောလိုက်သည်။ "သူကလည်း ကျွန်မတို့လိုပဲ မိသားစု နောက်ခံ မကောင်းတဲ့သူပါ။"

ကျန်းချွန် မှင်တက်သွားပြီး ကွမ်လုက သူမကို ဤကိစ္စအား ပြောပြလိမ့်မည်ဟု မထင်ထားမိပေ။

ကျန်းချွန် ဘာမှ မပြောရသေးခင်မှာပင် ကွမ်လုက ဆက်ပြောခဲ့သည်။ "သူမက ကျွန်မတို့ထက် ကံကောင်းပါတယ်။ သူ့မှာ အပြင်ကနေ ကာကွယ်ပေးမယ့် လူကြီးတွေ ရှိသလို စစ်ဒေသထဲမှာလည်း သူ့ကို အစွမ်းကုန် ကာကွယ်ပေးမယ့် စီနီယာ အစ်ကိုတစ်ယောက် ရှိသေးတယ်။"

ကျန်းချွန်၏ စိတ်ထဲရှိ သံသယများ ချက်ချင်း ရှင်းလင်းသွားသည်။ ကွမ်လုသည် အဘယ်ကြောင့် အိမ်ထောင်ကွဲ၊ သမီးတစ်ဦးရှိသော လော့ချန်ယိကို လက်ထပ်ခဲ့ရသည်ကို သူမ နောက်ဆုံးတွင် နားလည်သွားသည်။ အကယ်၍ သူမ၏ မိသားစု နောက်ခံ မကောင်းဘဲ ဒုက္ခများ ခံစားနေရပါက လော့ချန်ယိကို လက်ထပ်ခြင်းသည် နယ်သို့ အပို့မခံရစေရန်အတွက် တစ်ခု

တည်းသော နည်းလမ်း ဖြစ်နိုင်ပေသည်။

သူမ၏ ခန့်မှန်းချက် မှန်မမှန် မသိသော်လည်း အမှန်တရားနှင့် နီးစပ်မည်ဟု ခံစားရသည်။

ကျန်းချွန်က ဆက်၍ မမေးတော့ပေ။ သူမနှင့် ကွမ်လုတို့သည် အသားနှင့် ဟင်းသီးဟင်းရွက်များ ဝယ်ယူပြီး စခန်းသို့ ပြန်လာကြသည်။ သူမတို့ ပြန်ရောက်ချိန်တွင် စခန်းအပြင်ဘက်က အမျိုးသမီးမှာ ပျောက်ကွယ်သွားပြီ ဖြစ်သည်။

ကျန်းချွန် အိမ်ပြန်ရောက်သည်နှင့် အလုပ်များတော့သည်။ လုယွီက ငါးများကို ပြင်ဆင်ပြီးပြီဖြစ်ရာ သူမအနေဖြင့် ချက်ပြုတ်ရန်သာ လိုတော့သည်။

ယခုခေတ်တွင် ထင်းမီး သုံးစရာ မလိုတော့သဖြင့် ချက်ပြုတ်ရသည်မှာ ပို၍ လွယ်ကူလှသည်။ ဟင်းချက်နေစဉ် အပေါ်ထပ်နှင့် အောက်ထပ်က အိမ်နီးချင်းများမှာ ပြတင်းပေါက်မှနေ၍ ဟင်းနံ့များကို တောင့်တစွာ ရှူရှိုက်နေကြသည်။ ဤမွှေးကြိုင်လှသော အနံ့မှာ တပ်ရင်းမှူးလု၏ အိမ်မှ လာသည်ကို လူတိုင်း သိကြသည်။ တပ်ရင်းမှူးလု၏ ဇနီး ချက်မှသာ ဤမျှ မွှေးကြိုင်သော အနံ့ကို ရနိုင်ခြင်း ဖြစ်သည်။

နောက်ဆုံး ဟင်းတစ်ခွက် ပြီးသွားသောအခါ အပြင်ဘက်မှ ခြေသံများ ကြားလိုက်ရသည်။

တံခါးပွင့်လာပြီး လုယွီက အရင်ဝင်လာကာ သူ၏နောက်မှ ချန်ယောင်၊ ယွီလျန်နှင့် ကျန်းကျိုးတို့ လိုက်လာကြသည်။ လုယွီက မီးဖိုချောင်ထဲသို့ ဝင်လာပြီး ကျန်းချွန်၏အနားတွင် ရပ်ကာ သူမ၏ ပခုံးကို အသာအယာ ဆုပ်ကိုင်ရင်း မေးလိုက်သည်။ "ပင်ပန်းနေပြီလား။"

ကျန်းချွန် ပြုံးလိုက်သည်။ "မပင်ပန်းပါဘူး။"

ဟင်းတစ်နပ် ချက်ရုံဖြင့် မပင်ပန်းနိုင်ပေ။

"အိုး မရီး၊ ဟင်းတွေက တော်တော် မွှေးတာပဲ။"

ချန်ယောင်၏ အသံ မီးဖိုချောင်အပြင်ဘက်မှ ထွက်လာခဲ့သည်။ ကျန်းချွန် ပြုံးလိုက်သည်။ "စားကြရအောင်။"

လုယွီက ဟင်းများကို သယ်ထုတ်သွားပြီး ချန်ယောင်ကလည်း ဝင်ကူသည်။ ကျန်းချွန်က ထမင်းစားတူများကို ယူ၍ ထွက်လာသည်။ ကုရှစ်ကျိုးကို မမြင်ရသဖြင့် သူမက ဇဝေဇဝါ မေးလိုက်မိသည်။ "နိုင်ငံရေးမှူးကု ဘယ်မှာလဲ။"

လုယွီက သူမ လက်ထဲမှ ထမင်းစားတူကို ယူရင်း သူမ၏ လက်ချောင်းလေးများကို ညှစ်ကာ ပြောလိုက်သည်။ "သူ အပြင်သွားတယ်။"

ယွီလျန်က ငါးဟင်းနံ့ကို ရှူရှိုက်ရင်း ပြောလိုက်သည်။ "မရီး၊ ဒီငါးဟင်းက တကယ် မွှေးတာပဲ။"

ကျန်းကျိုးကလည်း ပြောသည်။ "ကြက်သားဟင်းလည်း ပါတယ်။"

သူတို့ သုံးဦးမှာ ဟင်းများအကြောင်း ပြောဆိုနေကြပြီး ကျန်းချွန်သည် လုယွီ၏ ဘေးတွင် ထိုင်ကာ စားရန် ပြင်လိုက်စဉ် လုယွီက ပြောသည်။ "ပါမောက္ခလင်ရဲ့ သမီး ရောက်နေလို့ ကုရှစ်ကျိုးက သူမကို သွားတွေ့တာ။"

ကျန်းချွန် ပထမဆုံး စဉ်းစားမိသည်မှာ ယနေ့ စခန်းအပြင်ဘက်တွင် မြင်ခဲ့ရသော အမျိုးသမီးပင် ဖြစ်သည်။

သူမ၏ မျက်နှာသွင်ပြင်မှာ ပါမောက္ခလင်နှင့် ဆင်တူနေသည်ကို သူမ ယခုမှ သတိပြုမိလိုက်သည်။

ကျန်းချွန်၏ မျက်ဝန်းထဲမှ အံ့သြမှုကို မြင်သောအခါ လုယွီ မေးလိုက်

သည်။ "ဘာဖြစ်လို့လဲ။"

ကျန်းချွန်က တိုးတိုးလေး ပြောလိုက်သည်။ "ဒီနေ့ ကွမ်လုနဲ့ အပြင်သွားတုန်းက သူ့ကို မြင်ခဲ့တာ။ ရင်းနှီးနေတယ်လို့ ထင်ခဲ့တာ၊ လက်စသတ်တော့ ပါမောက္ခလင်ရဲ့ သမီး ဖြစ်နေတာကိုး။"

သူမက ကွမ်လုကဲ့သို့ ပညာတတ် အငွေ့အသက် ရှိနေခြင်းမှာ မဆန်းတော့ပေ။ ကွမ်လု ပြောသကဲ့သို့ သူမတို့၏ မိဘများမှာ ပါမောက္ခလင် ကဲ့သို့ပင် အခက်အခဲများ ကြုံတွေ့နေရပုံ ပေါ်သည်။

ကျန်းချွန် ဟင်းတစ်လုတ် စားလိုက်စဉ် လုယွီက သူမကို နက်နဲသော အကြည့်ဖြင့် စိုက်ကြည့်နေသည်ကို သတိပြုမိလိုက်သည်။

သူမ ခေတ္တမျှ ရပ်တန့်သွားပြီး မေးလိုက်သည်။ "ဘာဖြစ်လို့လဲ။"

လုယွီ - "ဘာမှ မဟုတ်ပါဘူး။"

ကျန်းချွန် - ....

သို့သော် လုယွီ၏ အပြုံးမှာ တစ်ခုခုကို ဖုံးကွယ်ထားသည်ဟု သူမ ခံစားရသည်။

***